ကျွန်းတောကျေးရွာ
မိုင်းဆတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းတောကျေးရွာ ၊ မိုင်းဆတ်မြို့နယ်
(မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)
၂၀၂၃ခုနှစ်၊ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျွန်းတောကျေးရွာသယံဇာတပြန်လည်ပုံ၊မိုင်းဆတ်မြို့နယ်	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄။	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာမီးလင်းရေး	
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂)	
	နော်ကဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃/၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအကြီးအကဲ (သူကြီး) နှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်၍စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခု ရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည်တို့ကို အဓိကထားဖော်ပြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းတောကျေးရွာ
မိုင်းဆတ်မြို့နယ်

ကျွန်းတောကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းဆတ်မြို့နယ်



၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်းတောကျေးရွာသည် မိုင်းဆတ်မြို့နယ်အတွင်းတည်ရှိပါသည်။ မိုင်းဆတ်မြို့နှင့် (၆)မိုင် ခန့်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာ နေရာသည် မြေပြန့်ဒေသဖြစ်ပါသည်။ အရှေ့ဖက်တွင် တောင်ညိုကျေးရွာနှင့် အနောက်ဖက်တွင် ချောင်းဆုံကျေးရွာ တည်ရှိပါသည်။ မြောက်ဖက်နှင့် အနောက်တောင်ဖက်တွင် တောင်ကုန်းတောင်တန်း များရှိသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မ၄၀ ကျော် တွင်ရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုသည်။ စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်း ပြုလုပ်ရန် အတွက် အဓိကအားထားရာဖြစ်သည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျွန်းတောကျေးရွာသည် ကျေးရွာအနီးဝန်းကျင်တွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။ ကျေးရွာဝန်းကျင်ရှိ ချောင်း ရှိသဖြင့် သဲ၊ ကျောက်စရစ်များ အနည်းငယ် ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် လယ်မြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေဧက (၆၇)ခန့်ရှိပြီး မိုးစပါး၊ တောင်စပါးနှင့် ပြောင်းများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာ၏ တောင်ဖက်တွင်ရှိသော တောင်တန်းသည်သဘာဝပေါက်ပင်များပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သက်ကယ်၊ ကျွန်း၊ ဆေးဖက်ဝင်အပင်များနှင့် နွားစာများ ရရှိပါသည်။ စိမ့်စမ်းရေသွယ်ယူသည့် နေရာသည်ရွာနှင့်(၃)မိုင်ခန့်ကွာဝေးပါသည်။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွှတ်ကျောင်း စနစ်ဖြင့် မွေးမြူကြပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ ချေ၊ တောကြက်၊ မြွေအမျိုးမျိုးနှင့် အခြားဆေးဖက်ဝင် အပင်များလည်းတွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂)ဖွဲ့ ၊ စီးပွားရေးဆိုင်ရာ (၁)ဖွဲ့နှင့် ကျေးရွာလုံခြုံရေးအဖွဲ့ (၁)ဖွဲ့ တို့ရှိသည်။ ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ဖွဲ့စည်းထားသော လူငယ်အသင်းအဖွဲ့ရှိပြီး ကျေးရွာသားအများစုမှာ ၎င်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်းတောကျေးရွာတွင် လယ်မြေနှင့်ယာမြေဧက စုစုပေါင်း (၆၇) ဧက ရှိပြီး အားလုံးနီးပါး ပုံစံ(၇) မရရှိကြသေးပါ။ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကို လုပ်ကိုင်ကြသူများလည်းရှိပြီး ဧရိယာဧက အတိအကျသတ်မှတ်ရန် ခဲရင်းပါသည်။ စားကျက်မြေအဖြစ် တိတိကျကျ သတ်မှတ်ထားခြင်း မရှိဘဲ လွှတ်ကျောင်း စနစ်ဖြင့်သာမွေးမြူကြပါသည်။ ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှုအနေဖြင့် လယ်ယာမြေ

စုစုပေါင်း (၃၅) ဧက၊ တောင်ယာမြေဧက(၃၀)ဧက၊ ဥယျာဉ်ခြံမြေ(၂)ဧက၊ ခနိတောမြေနှင့် မြေလွတ်မြေလတ် မရှိပါ။ ကျေးရွာတွင် စိုက်ပျိုးရေးပြုလုပ်ရန်အတွက် ချောင်းရေကို ရာသီအလိုက်သာ အသုံးပြုနိုင်ပြီး ကျန်ကာလများတွင် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရပါသည်။ ကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံမှာ စပါးနှင့် ပြောင်းဖြစ်ပြီး အခြားသီးနှံများ ဖြစ်သော နှမ်း၊ မြေပဲများနှင့် မီးဖိုချောင်သီးနှံများကို မိသားစုစားသုံးရန် အတွက်သာ စိုက်ပျိုးပါသည်။

ကျေးရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သောတောင်သူများသည် မိမိတို့လယ်ယာမြေများတွင်သာ အသုံးပြုရန် ရည်ရွယ်ကြသော်လည်း မိသားစုဝင်များအမျိုးများ၏ လယ်ယာလုပ်ငန်းခွင်တွင်ကူညီ လုပ်ကိုင်ပေးလေ့ရှိကြပါသည်။ စက်ငှားရမ်းခကို တိကျစွာသတ်မှတ်ထားခြင်းမရှိဘဲ ဆီဖိုးပဲ့ပိုး၍ အကူအညီ ပေးခြင်းဖြစ်ပါသည်။ကျေးရွာဝန်းကျင်တွင် သဘာဝမြေဩဇာအဖြစ်အသုံးပြုနိုင်သော နွားချေး၊ ကျွဲချေး နှင့်ကောက်ရိုးများ အလွယ်တကူရနိုင်ပြီး လုပ်သားအင်အားများစွာရှိပါသည်။ ရာသီဥတုအနေအထားမှာ လည်း အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများမရှိဘဲ သင့်တင့်မျှတသော ရာသီဥတုဖြစ်ပါသည်။

(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း

ကျေးရွာတွင်ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ များကိုသာမွေးမြူကြပါသည်။ ဝက်၊ ကြက်များကို အိမ်တိုင်းနီးပါးမွေးမြူကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် ကျွဲ၊ နွား များကို အသုံးမပြုကြဘဲ လက်တွန်း ထွန်စက်ကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင် စားကျက်မြေသီးခြားသတ်မှတ်ထားခြင်း မရှိသော်လည်း လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြု ရာတွင် မြေဆီလွှာကိုတူးဆွခြင်းမပြုဘဲ မျိုးစေ့များကို ဆူးထိုးစနစ်ဖြင့်စိုက်ပျိုးကြပြီး ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို သုံးစွဲသော အလေ့အကျင့်များလာသောကြောင့် မြေဆီလွှာအရည်သွေး ထိခိုက်မှုရှိ လာပြီး သီးနှံအထွက်နှုန်းလည်း ကျဆင်းလာပါသည်။ ကျေးရွာတွင်လယ်ယာသုံးစက်ကိရိယာ အနေဖြင့် လက်တွန်း ထွန်စက် (၁၀)စီးပိုင်ဆိုင်ပြီး လယ်စပါးစိုက်ပျိုးရာတွင် အသုံးပြုကြသည်။ကျေးရွာတွင် နွား (၁၃)ကောင် ၊ ကျွဲ (၇၈)ကောင်၊ ဝက်(၁၂၉)ကောင်၊ ကြက်(၂၆၇)ကောင်၊ ဘဲ(၁၂)ကောင် မွေးမြူထားပြီး မိသားစုဝင်ငွေအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုနေပါသည်။ မိုင်းဆတ်မြို့နှင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန် သောကြောင့် အသားစေ့းကွက်အား အလွယ်တကူလက်လှမ်းမီပါသည်။ ဒေသကြက်ကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း ရာသီ အလိုက်ဖြစ်ပွားတတ်သော ရောဂါများကို မထိန်းချုပ်နိုင်သောကြောင့် စီးပွားရေးမွေးမြူထုတ်ရန် မဖြစ်နိုင်သေးပါ။ သောက်သုံးရေလုံလောက်စွာရရှိပြီး စားကျက်မြေအဖြစ် အသုံးပြုနိုင်သော မြေလွတ် မြေရိုင်းများနှင့် ကုန်းမြင့်တောင်စောင်းများ ပေါများခြင်း ကြောင့် ကျွဲမွေးမြူရေး လုပ်ငန်းမှာ တဖြည်းဖြည်းချင်း ကျယ်ပြန့်လာပြီး ကျေးရွာ၏ အဓိကလုပ်ငန်း တစ်ခုဖြစ်လာနိုင်သည်။ ကျေးရွာအနီးတွင် မြစ်၊အင်း၊အိုင်များ မရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များသာ ဖြစ်ကြသည်။ အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ စပါးရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျှမ်းမျှ (၁၀၀၀၀/) ရကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်ဦးရေများပြားပြီး လူအရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် ရရှိမှုနည်းသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာသားများအနေဖြင့် အခြားဒေသများသို့ ငွေသွင်းငွေလွှဲပြုလုပ်နိုင်ရန် မိုင်းဆတ်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ KBZ ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ဆိုင်ကယ်စီးရေမှာ (၄၂)စီး၊မော်တော်ကားနှင့် ထော်လာကျီ(၁)စီးရှိပြီး သွားလာရန်နှင့် ကုန်စည်ပို့ဆောင်ရန်အတွက် မော်တော်ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြပါသည်။ ကျေးရွာတွင် ကျေးရွာတွင်း လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ တစ်ခါတစ်ရံဖြစ်ပေါ်ပါသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်းတောကျေးရွာတွင် အချို့သောအိမ်ထောင်စုများမှာ တစ်အိမ်သုံးဆိုလာစနစ်ကိုသာ အသုံးပြုကြပါသည်။ မဟာဓာတ်အား လိုင်းရရှိပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေပြီး ကျေးရွာအတွင်းရှိ အသေးစား စီးပွားရေး လုပ်ငန်းများတိုးတက်လာစေမှုကို အထောက်အပံ့ဖြစ်စေပါမည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ဆက်သွယ်ရေးတာဝါတိုင်များနှင့် အနီးကပ်တည်ရှိပြီး အင်တာနက်လိုင်းမှာ အသုံးပြုရလွယ်ကူပါသည်။

၆။ ပညာရေး

ဘာသာစကားအခက်အခဲ၊ နယ်မြေဒေသသည် ပြည်မနှင့် ဝေးကွာလွန်းခြင်းတို့ကြောင့် ကျေးရွာရှိ သက်ကြီးရွယ်အိုအများစုမှာ အတန်းပညာများတတ်မြောက်ခြင်းမရှိကြပေ။ ကျေးရွာတွင်

၅နှစ်မှ၉နှစ်ရှိမူလတန်းကျောင်းနေအရွယ် (၇၁)ဦး ရှိသော်လည်း လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားမှာ (၄၅)ဦးရှိပါသည်။ တစ်ချို့သောမူလတန်းကျောင်းသားသည်၇နှစ်ကျော်သည်အထိ မူလတန်း ပညာကိုသင်ယူရသောကြောင့်ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ကျား (၂၇)+ မ (၃၁)ဦးရှိပြီး ပညာသင်ကြားနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဌာနခွဲများမရှိပါ။ ကျေးရွာတွင် ဆေးဆိုင်များလည်းမရှိပါ။ ကျေးရွာနှင့်၄မိုင်အကွာ မယ်နင်၊ ကာနကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး သာမန်ဖျားနာခြင်းများအတွက် သွားရောက် ကုသကြပါသည်။ အရေးပေါ်ကိစ္စများတွင် ရွာနှင့်၇မိုင်အကွာ မိုင်းဆတ်မြို့နယ် ပြည်သူဆေးရုံ၌ ကုသကြပါ သည်။ သောက်သုံးရေကိုရွာနှင့် (၃)မိုင်အကွာမှ သွယ်တန်းထားသော စိမ့်စမ်းရေကို အသုံးပြုပါသည်။ နွေရာသီတွင် စိမ့်စမ်းရေခမ်းခြောက်မှုမရှိသောကြောင့် သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်သည်။ ကျေးရွာတွင်ယင်လုံအိမ်သာသုံးစွဲသူ အိမ်ထောင်စု (၂၅)ရှိပြီး တွင်းအိမ်သာသုံးစွဲသူ(၁၅) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင်ကျန်းမာရေး အသိပညာပေး ဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လေ့လာတွေ့ရှိချက်။ ကျေးရွာပတ်ဝန်းကျင်ရှိ ချောင်းတွင် သဲ၊ ကျောက်စရစ်များအသင့်အတင့် ထုတ်ယူ ရရှိနိုင်ပါသည်။ ကျေးရွာ၏တောင်ဘက်ရှိတောင်တန်းများတွင်ကျွန်း၊ မယ်ဇလီ၊ ဂေါ်၊ သစ်စက်၊ ပိတောက်၊ ယူကလစ်၊ ရာဘာ၊ ဝါး စသည့်ဆေးဖက်ဝင်အပင်များနှင့် နွားစာများရရှိပါသည်။စိမ့်စမ်းရေသွယ်ယူသည့် နေရာသည်ရွာနှင့် (၃)မိုင်ခန့်ကွာဝေးပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် ခမ်းခြောက်မှုမရှိဘဲ သောက်သုံးမှုအဖြစ် သွယ်ယူအသုံးပြုနိုင်သည်။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သောသမင်၊ ဒရယ်၊ တောဝက်၊ဝက်ဝံ၊ တောင်ဆိတ်၊ ပူး၊ ရှဉ့်၊ သင်းခွေချပ်၊ တောခွေး၊ချေ၊တောကြက်၊မြွေအမျိုးမျိုးနှင့် အခြားဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

ကျေးရွာတွင် ဆင်းရဲ၍ မိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၀)စု၊ ဆင်းရဲ၍ မိသားစုထောက်ပံ့သည့် မုဆိုးဖိုး/တစ်ခုလပ်အိမ်ထောင်စုမရှိပါ။ စိုက်ပျိုးရေးအဖြစ် မိုးရေနှင့်ချောင်းရေကိုသာ အားထားနေရပါသည်။ ထို့ကြောင့်စိုက်ပျိုးရေး လုပ်ငန်းများကို အကောင်အထည် မဖော်နိုင်ပါ။ ဓါတုဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီလွှာများ တဖြည်းဖြည်း ပျက်စီးလာပါသည်။ ကျွဲ၊ နွားများတွင် ခွာနာ၊ လျှာနာရောဂါနှင့် ဝက်နားရွက်ပြာရောဂါများအား ကာကွယ်ဆေးထိုးသော်လည်း အမြစ်ပြတ်ခြင်းမရှိပါ။

ကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ်မှာ လူငယ်ထုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ လူငယ်များ သာမကအရွယ်ရောက်ပြီးသူ အမျိုးသား/ အမျိုးသမီးများအတွက်ပါ နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့နေရပါသည်။ မူးယစ်ဆေးသုံးစွဲသူ လူငယ်အချို့ရှိပြီး ကျေးရွာသားအားလုံး မူးယစ်ဆေးဝါး အန္တရာယ်မှ ကင်းဝေးလိုစိတ်ရှိကြပါသည်။ ဆင်းရဲသားတောင်သူများသည်လည်း

ပုံမှန်ဝင်ငွေမရရှိ သောကြောင့် လက်လှမ်းမီရာ ကျပန်းလုပ်ငန်းများ ကိုလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ ကျေးရွာတွင် ဓါတုပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကိုအလွန်အကျွံသုံးစွဲမှု ကြောင့် မြေဆီမြေဩဇာနှင့် အပင်မျိုးစိတ်များထိခိုက်မှုရှိပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောများ ပြုန်းတီးလာပြီးရေအရင်းအမြစ်များခန်းခြောက်လာကာ တိရစ္ဆာန်မျိုး စိတ်များတဖြည်းဖြည်း လျော့နည်း လာသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာများ

ကျွန်းတောကျေးရွာတွင် (၁-၉-၂၀၂၃)ရက်နေ့လူဦးရေဆိုင်ရာအချက်အလက်များစစ်တမ်းကောက်ယူမှုအရ ၁၅နှစ်အထက်မှ ဖြင့်နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၁၈၉)ယောက်ရှိပြီး (၄၈.၄၆%)ရှိပါသည်။ဖြင့်နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် (၁)နှစ်အောက်မှီခိုသူ လူဦးရေစုစုပေါင်း (၂၀၁)ယောက်ရှိပြီး (၅၁.၅၄%) ရှိပါသည်။ အိမ်ထောင်စု(၇၀)စုရှိပြီး တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၅)ဦး ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေ (၅)ယောက်နှုန်းနှင့် ထပ်တူကျပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ဖြစ်သော ၁၅နှစ်မှဖြင့်နှစ်အကြား များပြားသောကြောင့် ကျေးရွာတွင် လူသားအရင်းအမြစ် အားသာချက်ရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးဦးရေ အချိုးမှာ အနီးစပ်ဆုံး တူညီမှုရှိပါသည်။ လုပ်အားခ နှုန်းထားများအနေဖြင့် ကျားမအလိုက် ကွာခြားမှုရှိပါသည်။ ပန်းရံလုပ်ငန်းတွင် အမျိုးသားသံလျှပ်ကိုင် (၁၅၀၀၀)ကျပ် ရရှိချိန်တွင် အမျိုးသမီး မဆလာသယ် (၈၀၀၀)ကျပ် သာရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးမှအပ အခြားဝင်ငွေရ လုပ်ငန်းများ များစွာမရှိပါ။

ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်
ပညာရေး	၁။ ဆရာမနေအိမ်တည်ဆောက်ခြင်း	၇၉	၅	- ပညာရေး၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျောင်းခြံစည်းရိုးကာရံခြင်း
	၂။ကျောင်းခြံစည်းရိုးကာရံခြင်း	၉၀	၄	- ပညာရေး၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျောင်းခြံစည်းရိုးကာရံခြင်း
	၃။ကျောင်းယင်လုံအိမ်သာ(၂)ခန်းတွဲ တည်ဆောက်ခြင်း	၈၀	၃	- ပညာရေး၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ယင်လုံအိမ်သာ(၂)ခန်းတွဲ တည်ဆောက်ခြင်း
အခြေခံအဆောက်ဦ	၁။ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၉၈	၁	- ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
	၂။ကျေးရွာပိုင်ခန်းမတည်ဆောက်ခြင်း	၉၅	၂	- ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

စဉ်	စီမံချက်	အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၁	✓				
၂	ကျေးရွာပိုင်ခန်းမတည်ဆောက်ခြင်း	၂		✓			
၃	ကျောင်းခြံစည်းရိုးကာရံခြင်း	၃			✓		
၄	ကျောင်းယင်လုံအိမ်သာ(၂)ခန်းတွဲတည်ဆောက်ခြင်း	၄				✓	
၅	ဆရာမနေအိမ်တည်ဆောက်ခြင်း	၅					✓

ကျွန်းတောကျေးရွာ၊ကျတီ ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရှိုးမွန်	ဦးကျရော	၁၃/မဆန(နိုင်)၀၂၅၉၃၃	၅၂	ဥက္ကဋ္ဌ	၀၉-၄၂၂၉၆၈၉၅
၂	ဒေါ်မောလေ	ဦးပေါလု	၁၃/မဆန(နိုင်)၀၃၃၀၇၈	၃၂	အတွင်းရေးမှူး	-
၃	ဦးရှေလေး	ဦးကျလော	၁၃/မဆန(နိုင်)၀၁၆၅၂၃	၅၁	ဘဏ္ဍာရေးမှူး	-
၄	ဒေါ်နာသဲ	ဦးကျနူး	၁၃/မတန(နိုင်)၀၄၆၀၃၀	၂၈	စာရင်းကိုင်	-
၅	ဦးအာတီး	ဦးကျမူး	၁၃/မဆန(နိုင်)၀၃၃၀၇၃	၅၅	အဖွဲ့ဝင်	-
၆	ဒေါ်အိနှက်(စ်)	ဦးအေးနော	၁၃/မဆန(နိုင်)၀၁၀၁၈၁	၄၂	အဖွဲ့ဝင်	-
၇	ဦးအင်းရော	ဦးလောရှန်	ပြုလုပ်ဆဲ	၄၉	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၅	၆
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၉	၁၃	၃၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၈	၃၃	၇၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၇	၄၁	၇၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၃	၁၀၆	၁၈၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၉	၁၄
စုစုပေါင်း		၁၈၃	၂၀၇	၃၉၀
စုစုပေါင်း အိမ်ထောင်စု				၇၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှ အသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက် ။ ကျွန်းတောကျေးရွာတွင် (၁-၉-၂၀၂၃)ရက်နေ့ လူဦးရေဆိုင်ရာ အချက်အလက်များ စစ်တမ်းကောက်ယူမှုအရ ၁၅နှစ်အထက်မှ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၁၈၉)ယောက်ရှိပြီး (၄၈.၄၆%)ရှိပါသည်။ ၆၄နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် (၁)နှစ်အောက်မွေးခိုသူ လူဦးရေစုစုပေါင်း (၂၀၁)ယောက်ရှိပြီး (၅၁.၅၄%) ရှိပါသည်။ အိမ်ထောင်စု (၇၀)စုရှိပြီး တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၅)ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေ(၅)ယောက်နှုန်းနှင့် ထပ်တူကျပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ဖြစ်သော ၁၅နှစ်မှ၆၄နှစ်အကြား များပြားသောကြောင့် ကျေးရွာတွင် လူသားအရင်းအမြစ် အားသာချက်ရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးဦးရေ အချိုးမှာအနီးစပ်ဆုံးတူညီမှုရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်းအ ခြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီ းမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃၃	၅၆	၀	မြင့် လတ် ✓နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃၇	၆၄		မြင့် လတ် ✓နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်းအခြေစိုက်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအခြေစိုက်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း	၇၀	၁၂၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ခြေစုစုပေါင်း (၇၀)အိမ်ရှိသည့်အနက် အိမ်ခြေ(၃၃)အိမ်မှာ စိုက်ပျိုးရေးလုပ်ငန်း ကိုလုပ်ကိုင်ကြသောကြောင့် ကျွန်းတောကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသောကျေးရွာဖြစ်ပါသည်။ ဒုတိယဝင်ငွေရလုပ်ငန်းများမှာ မွေးမြူရေးလုပ်ငန်းဖြစ်ပြီး ကျွဲ၊ နွားအကောင်(၅) အထက်ရှိသော စုစုပေါင်းအိမ်ခြေ(၁၀)အိမ်ရှိပြီး ကျန်ရှိသောအိမ်ထောင်စုများမှာ တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၇၀၀၀	၇၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၈၀၀၀	၁၀၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးလုပ်ခအနေဖြင့်လုပ်အားခနှုန်းထားများကို ကျားမအလိုက်ကွာခြားမှုမရှိပါ။ ပန်းရံလုပ်ငန်းတွင်အမျိုးသား တံလျှပ်ကိုင် (၁၅၀၀၀)ကျပ်ရရှိချိန်တွင် အမျိုးသမီးမဆလာသယ်သည် (၈၀၀၀)ကျပ်သာရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးမှအပ အခြားဝင်ငွေရလုပ်ငန်းများ များစွာမရှိပါ။

(၈) သဘာဝရင်းမြစ်များ
(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၃၅	ကောင်း သင့်✓ ညံ့
ယာမြေ / တောင်ယာမြေ	၃၀	ကောင်း သင့်✓ ညံ့
ဥယျာဉ်ခြံမြေ	၂	ကောင်း သင့်✓ ညံ့
ကိုင်း/ ကျွန်းမြေ		ကောင်း သင့် ညံ့
ခနိတောမြေ		ကောင်း သင့်✓ ညံ့
စားကျက်မြေ		ကောင်း သင့် ညံ့
မြေလွတ်မြေလပ်		ကောင်း သင့် ညံ့
စုစုပေါင်း	၆၇	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်မြေကေစုစုပေါင်း (၃၅)ဧက၊ ဥယျာဉ်ခြံမြေ (၂)ဧကနှင့် တောင်ယာမြေ ဧက(၃၀) ရှိသော်လည်း အားလုံးနီးပါး ပုံစံ(၇) မရကြသေးပါ။ မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ကို လုပ်ကိုင်ကြသူများလည်းရှိပြီး ဧရိယာကေအတိအကျ သတ်မှတ်ရန်ခဲရင်းပါသည်။ စားကျက်မြေအဖြစ် တိတိကျကျသတ်မှတ်ထားခြင်းမရှိဘဲ တိရိစ္ဆာန်များကို လွတ်ကျောင်းစနစ်ဖြင့် သာမွေးမြူကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ သင့် နည်းမရှိ√	လွယ်ခက် အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များသင့်√နည်း မရှိ	လွယ်√ခက်အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် √ နည်း မရှိ	လွယ် √ခက်အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ သင့်√နည်း မရှိ	လွယ် √ခက်အသုံးမပြုနိုင်ပါ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ကျေးရွာပတ်ဝန်းကျင်ရှိ ချောင်းတွင် သဲ၊ ကျောက်စရစ်များအသင့်အတင့် ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏တောင်ဘက်ရှိတောင်တန်းများတွင်ကျွန်း၊ မယ်ဇလီ၊ ဂေါ်၊ သစ်စက်၊ ပိတောက်၊ ယူကလစ်၊ ရာဘာ၊ ဝါး စသည့်ဆေးဖက်ဝင်အပင်များနှင့် နွားစာများရရှိပါသည်။စိမ့်စမ်းရေသွယ်ယူသည့် နေရာသည်ရွာနှင့် (၃)မိုင်ခန့်ကွာဝေးပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် ခမ်းခြောက်မှုမရှိဘဲ သောက်သုံးမှုအဖြစ် သွယ်ယူအသုံးပြုနိုင်သည်။ စားကျက်မြေမရှိသောကြောင့် တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သောသမင်၊ ဒရယ်၊ တောဝက်၊ဝက်ဝံ၊ တောင်ဆိတ်၊ ပူး၊ ရှဉ့်၊ သင်းခွေချပ်၊ တောခွေး၊ချေ၊တောကြက်၊မြွေအမျိုးမျိုးနှင့် အခြားဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၁၅	၄၅	၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ချမ်းသာသောအိမ်ခြေ (၁၀)အိမ်ရှိပြီး အဆောက်အဦးမှာ အုတ်အိမ်အများစု ဖြစ်ပါသည်။ ကျွဲ၊နွားများပိုင်ဆိုင်ပြီး အချို့အိမ်များမှာ ကားများလည်းရှိကြပါသည်။ အလယ်အလတ်အိမ်ထောင်စု (၁၅)စုရှိပါသည်။ မပြေလည်သော အိမ်ထောင်စု (၄၅)စုရှိပြီး အလွန်ဆင်းရဲသောအိမ်ထောင်စုမရှိပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်း	၀	အခြားအစာပြောင်းလဲစား = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
စာဖူလုံမှု		အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။ ။ ကျွန်းတောကျေးရွာသည်ဝမ်းစာဖူလုံမှုအလုံအလောက်ရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ကျေးရွာတွင်ဆင်းရဲ၍မိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၀)စုရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်လတ်နိမ့်√မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဩဇုံကပျိုးရေ)	မြင့်လတ်√နိမ့်မရှိ
၃	ရေကြီးခြင်း	မြင့်လတ်နိမ့်√မရှိ
၄	မိုးခေါင်ခြင်း	မြင့်လတ်နိမ့်မရှိ√
၅	အအေးလွန်ကဲခြင်း	မြင့်လတ်√နိမ့်မရှိ
၆	မုန်တိုင်း	မြင့်လတ်√နိမ့်မရှိ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၇	ငလျင်	မြင့်လတ်နိမ့်√မရှိ
၈	မီးဘေး	မြင့်လတ်နိမ့်မရှိ√
၉	ဆားငန်ရေဝင်မြေ	မြင့်လတ်နိမ့်မရှိ√
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်လတ်√နိမ့်မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်လတ်√နိမ့်မရှိ
၁၂	၄ွက်ဖျားရောဂါ	မြင့်လတ်√နိမ့်မရှိ
၁၃	တီဘီရောဂါ	မြင့်လတ်နိမ့်√မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်လတ်နိမ့်မရှိ√
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်လတ်နိမ့်မရှိ√
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်√လတ်နိမ့်မရှိ
၁၇	လူကုန်ကူးခြင်း	မြင့်လတ်နိမ့်မရှိ√
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်လတ်နိမ့်√မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအားထားနေရပါသည်။ ထို့ကြောင့်စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများကို အကောင်အထည် မဖော်နိုင်ပါ။ ခါတုခါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီလွှာများ တဖြည်းဖြည်း ပျက်စီးလာပါသည်။ ကျွဲ၊ နွားများတွင် ခွာနာ၊ လျှာနာရောဂါနှင့် ဝက်နားရွက်ပြာရောဂါများအား ကာကွယ်ဆေးထိုးသော်လည်း အမြစ်ပြတ်ခြင်းမရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်လတ်√နိမ့်မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်လတ်နိမ့်√မရှိ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်လတ်√နိမ့်မရှိ
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်လတ်နိမ့်မရှိ√
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်လတ်နိမ့်မရှိ√
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်လတ်နိမ့်မရှိ√
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်လတ်နိမ့်မရှိ√
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်လတ်√နိမ့်မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့်လတ်နိမ့်√မရှိ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်လတ်√နိမ့်မရှိ
၁၁	လူနည်းစုလူမျိုးများ	မြင့်လတ်√နိမ့်မရှိ
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်လတ်နိမ့်မရှိ√
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်လတ်နိမ့်မရှိ√
၁၄	ရွှေတွင်းလုပ်သားများ	မြင့်လတ်နိမ့်မရှိ√
၁၅	ဆေးစွဲသူများ	မြင့်√လတ်နိမ့်မရှိ
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်လတ်နိမ့် √မရှိ√
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်လတ်နိမ့်မရှိ√
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်လတ်√နိမ့်မရှိ√
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်လတ်နိမ့်မရှိ√
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်လတ်နိမ့်မရှိ√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါ သနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ်မှာ လူငယ်ထုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ လူငယ်များသာမက အရွယ်ရောက်ပြီးသူ အမျိုးသား/အမျိုးသမီးများ အတွက်ပါ နောက်ဆက်တွဲဆိုးကျိုးများကြုံတွေ့နေရပါသည်။ မူးယစ်ဆေးသုံးစွဲသူ လူငယ်အချို့ရှိပြီး ကျေးရွာသားအားလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးလိုစိတ်ရှိကြပါသည်။ဆင်းရဲသားတောင်သူများသည်လည်း ပုံမှန်ဝင်ငွေမရရှိသောကြောင့် လက်လှမ်းမီရာကျပန်း

လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြားလူမျိုးအနည်းစု ရောနှောနေထိုင်သော်လည်း ပြဿနာကြီးကြီးမားမား မရှိကြပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	မြစိမ်းရောင်ကော်မတီ	၁ ✔ ၂ ၃	၄	၃	၇	ပညာရေးငွေကြေး ✔ ကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ✔ သင့် ညံ့
၂	ရေကော်မတီ	၁ ၂ ✔ ၃	၄	၃	၇	ပညာရေးငွေကြေးကျန်းမာရေး ✔ ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ✔ သင့် ညံ့
၃	လူငယ်အဖွဲ့	၁ ၂ ✔ ၃	၀	၀	၀	ပညာရေးငွေကြေးကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ✔ သင့် ညံ့
၄	ကျောင်းကော်မတီ	၁ ၂ ✔ ၃	၀	၀	၀	ပညာရေး ✔ ငွေကြေးကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ✔ သင့် ညံ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅		၁ ၂ ၃	၀	၀	၀	ပညာရေးငွေကြေးကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၆		၁ ၂ ၃	၀	၀	၀	ပညာရေးငွေကြေးကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၇		၁ ၂ ၃	၀	၀	၀	ပညာရေးငွေကြေးကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေကော်မတီအဖွဲ့၊ လူငယ်ကော်မတီအဖွဲ့၊ ကျောင်းကော်မတီနှင့် မြစိမ်းရောင်ကော်မတီအဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာတွင် မိဘမဲ့ဂေဟာကျောင်း(၁)ကျောင်းရှိပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အုပ်စုအုပ်ချုပ်ရေးမှူးရုံး	၁ ၂ ၃ ✔ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔
၂	မာလ်တေဆာ	၁ ၂ ၃ ✔ ၄ ၅ ၆ ၇	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔
၃	မြို့နယ်ထွေအုပ်	၁ ၂ ၃ ✔ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေးစိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔
၄	ကျေးလက်ဦးစီးဌာန	၁ ၂ ၃ ✔ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ✔ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၅	ပညာရေး	၁ ၂ ၃ ✔ ၄ ၅ ၆ ၇	ပညာရေး ✔ ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၆		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ –

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၅၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၀	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုအနေဖြင့်လည်း လယ်ယာမြေစုစုပေါင်း (၃၅)ဧကရှိပြီး တောင်ယာမြေဧက(၃၀)ဧက ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ √	ရှိ မရှိ မဖြေဆိုပါ√
၂	ရေလွဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ √	ရှိ မရှိ မဖြေဆိုပါ√
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ √	ရှိ မရှိ မဖြေဆိုပါ√
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် √ မဖြေဆိုပါ	ရှိ √ မရှိ မဖြေဆိုပါ
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ √	ရှိ မရှိ မဖြေဆိုပါ√
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ √	ရှိ မရှိ မဖြေဆိုပါ√
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက်√ မဖြေဆိုပါ	ရှိ √ မရှိ မဖြေဆိုပါ
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် √ မဖြေဆိုပါ	ရှိ √ မရှိ မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်နိုင်သော ရေအရင်းအမြစ်မရှိဘဲ မိုးရေကိုသာ အဓိက အားထားနေရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၇၂	တင်း	၅၀	၈၀	၆၅	၅	၁၁	မြင့်လတ်၍နိမ့်	မြင့်လတ်၍နိမ့်
ပြောင်း	၁၀	ပုံး	၈၀	၁၀	၉၀	၅	၁၀	မြင့်လတ်၍နိမ့်	မြင့်လတ်၍နိမ့်
								မြင့်လတ်နိမ့်	မြင့်လတ်နိမ့်

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်အဓိကသီးနှံဖြစ်သော စပါး၊ပြောင်းကိုသာ အဓိကစိုက်ပျိုးကြပြီး အခြားရာသီသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂	၀	၀	၀
လက်တွန်းထွန်စက်	၁၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၁	၀	၀	၀
ရိတ်သိမ်းစက်	၁	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၂	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၇	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လက်တွန်းထွန်စက်ပိုင်ဆိုင်သောတောင်သူများသည် မိမိတို့လယ်ယာမြေများတွင်သာ အသုံးပြုရန်ရည်ရွယ်ကြသော်လည်းမိသားစုဝင်များအမျိုးများ၏ လယ်ယာလုပ်ငန်းခွင်တွင် ကူညီ

လုပ်ကိုင်ပေးလေ့ ရှိကြပါသည်။ စက်ငှားရမ်းခကို တိကျစွာသတ်မှတ်ထားခြင်းမရှိဘဲ ဆီဖိုးပံ့ပိုး၍အကူအညီ ပေးခြင်းဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်းကောင်း သင့်တင့်မျှတ √မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်းကောင်း သင့်တင့်မျှတ √မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	ပေါများအသင့်အတင့်ရှိ √မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်ရသည် √မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် √မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်ဝယ်ယူရနိုင်သည် √မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်ဝယ်ယူရနိုင်သည် √မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	လွယ်ကူစွာရနိုင်သည်ရနိုင်သည် √မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	လွယ်ကူစွာရနိုင်သည်ရနိုင်သည် √မဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် သီးနှံများကိုရောင်းချနိုင်သည် √မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာဝန်းကျင်တွင်သဘာဝမြေဩဇာအဖြစ်အသုံးပြုနိုင်သောနွားချေး၊ ကျွဲချေးနှင့် ကောက်ရိုးများ အလွယ်တကူရနိုင်ပြီးလုပ်သားအင်အားများစွာရှိပါသည်။ ရာသီဥတုအနေအထားမှာလည်း အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများမရှိဘဲသင့်တင့်မျှတသောရာသီဥတုဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုခြုံတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်းရာသီဥတုမမှန် √မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါလယ်ယာမြေဆုံးရှုံးမှုများသည်လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်ပလပ်မြေများရှိသည် √ပလပ်မြေအသင့်အတင့်ရှိသည်မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်လုံးဝမရမဖြေဆိုပါ √
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် √လုံးဝမရမဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ √သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါမဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျအသင့်အတင့်ကျ √အနည်းငယ်မဖြေဆိုပါ

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် နယ်မြေဧရိယာ ကျဉ်းမြောင်း၍ လယ်ယာမြေချဲ့ထွင်နိုင်မှု မရှိပါ။ သီးထပ်စိုက်ပျိုးရန် စိုက်ပျိုးရေလုံးဝမရှိပါ။ သီးနှံဖျက်ပိုးများသည် အခါအားလျော်စွာကျရောက်တတ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅	၁၃
နို့စားနွား	၀	၀
ကျွဲ	၂၃	၇၈
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၄၆	၁၂၉
ကြက်	၄၁	၂၆၇
ဘဲ	၅	၁၂
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဝက်၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား များကိုသာမွေးမြူကြပါသည်။ဝက် /ကြက်များကို အိမ်တိုင်းနီးပါးမွေးမြူကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် ကျွဲ၊ နွား များကိုအသုံးမပြုကြဘဲ လက်တွန်းထွန်စက်ကိုသာအသုံးပြုကြပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများအသင့်အတင့် √မဖြေဆိုပါ
ရေရရှိမှု	အလုံအလောက်ရနိုင်အသင့်အတင့်ရနိုင် √မဖြေဆိုပါ
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် √မဖြေဆိုပါ
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်ချေးငွေအသင့်အတင့်ရနိုင် √မဖြေဆိုပါ
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် သွင်းအားစုများဝယ်ယူနိုင်သည် √မဖြေဆိုပါ
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။ √မဖြေဆိုပါ
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ထုတ်ကုန်များကိုရောင်းချနိုင်သည် √မဖြေဆိုပါ
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်အသင့်အတင့်ရှိသည် √မဖြေဆိုပါ
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်းကောင်းသင့်တင့်မျှတမဖြေဆိုပါ√
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်ဝယ်ယူရနိုင်သည် မဖြေဆိုပါ
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်ချေးငွေရနိုင်သည် မဖြေဆိုပါ √
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်။ သွင်းအားစုများဝယ်ယူနိုင်သည်မဖြေဆိုပါ √
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။ မဖြေဆိုပါ √
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	ထုတ်ကုန်များကိုရောင်းချနိုင်သည်မဖြေဆိုပါ √
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်အသင့်အတင့်လွယ်ကူသည် မဖြေဆိုပါ√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာဝန်းကျင်တွင်စားကျက်မြေသီးခြားသတ်မှတ်ထားခြင်းမရှိသော်လည်း လွှတ်ကျောင်းစနစ်ဖြင့်မွေးမြူကြပါသည်။သို့သော် လယ်ယာစိုက်ပျိုးသူများအနေဖြင့်ကျွဲ၊နွားရန်မှ ကာကွယ်ရန် ခြံခတ်စိုက်ပျိုးကြသည်။ ကျေးရွာတွင်းရှိနေအိမ်ခြံဝင်းများသည် မွေးမြူရေးလုပ်နိုင်သော မြေနေရာအကျယ်အဝန်းရှိပါသည်။

